သို့/ BCPS မိသားစုများအားလုံး။

ကျောင်းစာသင်နှစ် ကုန်ဆုံးချိန်နီးကပ်လာသည်နှင့်အမျှ၊ BCPS ကျောင်းသားတစ်ဦးချင်းစီအတွက် နွေရာသီပညာရေးနှင့်ပတ်သက်သော သတင်းအချက်အလက်များနှင့် သင်ကြားရေး အခွင့်အရေးများရရှိရန် တိကျသောဆက်သွယ်ရေး အချက်အလက်သေချာစေရန် အရေးကြီးပါသည်။ **ထို့ကြောင့် ကျေးဇူးပြု၍ သင့်၏ နောက်ဆုံးအသုံးပြုလျှက်ရှိသော ဖုန်းနံပါတ် နှင့် နေရပ်လိပ်စာကို သင်၏ကလေးများနှင့် ဆက်သွယ်လိုသော ဆရာများနှင့် ဝန်ထမ်းများ အသုံးပြုရန် သတင်းအချက်အလက်များကိုအချိန်ခဏယူ၍ဖြည့်စွပ်ပေးစေလိုပါသည်။**

**ဖုန်းနံပါတ် အပြောင်းအလဲရှိပါက ဖုန်းနံပါတ်အသစ်ရေးပေးပါ။ (Updating Your Phone Number)**

ဖုန်းနံပါတ်အသစ်ကို Skyward တွင်ကိုယ်တိုင် ရေးသွင်းနိုင်ပါသည်။ အချိန်ခဏတာသာသုံးရပါသည်။ ဆရာ နှင့် ဝန်ထမ်းများမှ ကျောင်းသား နှင့် မိသားစုများကို ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ် အသုံးပြုပေးပါ။ ဒီဟာက သင်ရွေး ချယ်ထားတာ ဖြစ်နိုင်ပါသည်။ ကျေးဇူးပြု၍ အောက်ပါညွှန်ကြားချက်အတိုင်းလိုက်နာပေးပါ။

- Skyward Family မှာဝင်ပါ။ (အကယ်၍ သင့်ရဲ့ password ကိုမေ့သွားပါက၊ တည်နေရာ(site) ရှိ လမ်းညွှန်ချက်အတိုင်းလုပ်ဆောင်ပါ။
- စာမျက်နှာ၏ ဘယ်ဘက်အပေါ်ဘက်ရှိ သင် update လိုသောကျောင်းသား၏ သတင်းအချက်အလက်ကိုရွေးချယ်ပါ။ ၎င်းမှာ ကျောင်းသား၏ ဓာတ်ပုံပါသော ဖန်သားအသစ် တစ်ခုထွက်လာပါမည်။
- ဘယ်ဘက်ရှိ မီနူးမှ “ကျောင်းသားအချက်အလက်” ကိုရွေးချယ်ပါ။
- စာမျက်နှာ၏ ညာဘက်အခြမ်းတွင် “ကျောင်းသား၏ ပထမနာမည် စာလုံးအတွက် တောင်းဆိုမှုအပြောင်းအလဲများ” ကိုရွေးပါ။ ၎င်းတွင် သင် update လိုသည့် လျှောက်လွှာရေးယာ သို့ရောက်ရှိပါမည်။
- သင့်ရဲ့ နောက်ဆုံးအသုံးပြုသော (updated) ဖုန်းနံပါတ် ရေးသားပါ။

အကယ်၍ Skyward ဝင်ဖို့ရန် အကူအညီလိုအပ်ပါက၊ ကျေးဇူးပြု၍ ကျောင်းသားရေးရာရုံး သို့ studentservices@battlecreekpublicschools.org ဤအီးမဲလ်ဖြင့်စာရေးသားပေးပို့နိုင်ပါသည်။

**သင့်ရဲ့ နေရပ်လိပ်စာအပြောင်းအလဲရှိပါက ရေးပေးပါ။ (Updating Your Home)**

အကယ်၍ သင့်အားကျောင်းသား ဝန်ဆောင်မှုရုံးနှင့် နောက်ဆုံးအတည်ပြုပြီးသည့်နောက် သင့်ကျောင်းသား၏ နေရပ် လိပ်စာပြောင်းလဲသွားပါက သင့်ဖိုင်တွင် သင်၏နောက်ဆုံးလိပ်စာကို သေချာစေရန် ကျွန်ုပ်တို့ကိုဆက်သွယ်ပါ။ နေရပ်လိပ်စာအသစ်ပြောင်းရန်အတွက် **အိမ်လိပ်စာ၊ နေရပ်မှန်ကန်ကြောင်းထောက်ခံစာ အတွက် လျှပ်စစ်မီး၊ ရေစသည့်အသုံးဝန်ဆောင်မှုကျသင့်ငွေတောင်းခံလွှာ၊ အိမ်စာချုပ် သို့မဟုတ် မိမိရေးထားသော အိမ်ခန်းငှားရမ်းခြင်းသဘောတူညီမှုစာချုပ်** စသည့်တို့ကို အောက်ဖော်ပြပါ နည်းလမ်း နှစ်မျိုးဖြင့် ပေးနိုင်ပါသည်။

- နေထိုင်မှုမှန်ကန်ကြောင်းစာရွက်စာတမ်းကို ကျောင်းသားရေးရာရုံး တည်ရှိရာ 3 W. Van Buren St. သို့ပို့ပေးနိုင်ပါသည်။ (ရုံးကိုလာသောအခါ ကျေးဇူးပြု၍ မျက်နှာဖုံးအသုံးပြုရပါမည်။)
- ထိုစာရွက်စာတမ်းကို ရှင်းလင်းစွာ ဓာတ်ပုံရိုက်ပြီး studentservices@battlecreekpublicschools.org သို့ အီးမေးလ်ဖြင့်ပေးပို့နိုင်ပါသည်။

**အကယ်၍ သင်၏ကျောင်းသားသည် ယခုလက်ရှိရုံးတွင်ရှိသော ဖိုင်တွဲရှိ အိမ်လိပ်စာ နှင့်ကွဲပြားသော လိပ်စာတွင် နေထိုင်လျှင် (သို့မဟုတ်) ဤအကြောင်းအရာနှင့်ပတ်သက်၍ သိလိုသောမေးခွန်းရှိပါက ဤအီးမေးလ်လိပ်စာတွင် studentservices@battlecreekpublicschools.org. စာရေးသားပေးပို့နိုင်ပါသည်။**

ကျောင်းသားရေးရာရုံး၏ တာဝန်ရှိသော ဝန်ထမ်းနှင့် ဖုန်းဖြင့်စကားပြောလိုပါက (၂၆၉) ၉၆၅-၉၄၈၂ သို့ ခေါ်ဆိုနိုင် ပါသည်။ စပိန်ဘာသာစကားအတွက် အကူအညီလိုအပ်ပါက၊ (၂၆၉) ၄၁၉-၁၉၇၈ သို့ရင်း၊ မြန်မာဘာသာစကား အကူအညီလိုအပ်ပါက (၂၆၉) ၆၀၁-၆၀၂၉ သို့ရင်း ခေါ်ဆိုနိုင်ပါသည်။

ကျန်းမာပျော်ရွှင်ကြပါစေ။

BCPS အဖွဲ့သားများ